


VOLUME I, ISSUE 13 | 17 January 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး | ၅ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား | ၁၁ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက် | ၁၄ |
| ၆ | နှစ် (၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားကျင်းပ | ၁၅ |
| ၇ | ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈ | အိုမီခရွန်ရောဂါ တာဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ | ၁၈ |
| ၉ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၉ |
| ၁၀ | ရုရှားသမ္မတနိုင်ငံမှ ဝယ်ယူ/လှူဒါန်းသည့် Sputnik Light ကိုဗစ်ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ရောက်ရှိ | ၂၁ |
| ၁၁ | တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာနှစ်သိန်းလှူဒါန်း | ၂၂ |
| ၁၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ် | ၂၃ |
| ၁၃ | ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို ချိုးဖောက်၍ စစ်ရာဇဝတ်မှုများကျူးလွန်ခြင်း | ၂၅ |
| ၁၄ | PDF အမည်ခံ အကြမ်းဖက်သမားများက ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း | ၂၇ |
| ၁၅ | PDF အမည်ခံအကြမ်းဖက်သမားများက ဘာသာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်း | ၂၉ |
| ၁၆ | PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ပြခြိမ်းခြောက်၍ငွေနှင့် ရွှေထည်ပစ္စည်းများ လုယက်မှုဖြစ်ပွားခဲ့ | ၃၂ |
| ၁၇ | အကြမ်းဖက်အဖွဲ့အစည်းများအား ဆက်သွယ်ထောက်ပံ့နေသူများ၊ စစ်သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား စစ်ခုံရုံးက ပြစ်ဒဏ်အသီးသီးချမှတ် | ၃၃ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ဇန်နဝါရီလ ၁၃ ရက်တွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါ သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် တပ်မတော်က ဖြေရှင်းဆောင်ရွက်ပေးရန်ပြောကြားခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အတွက် နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ရပြီး နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း။
- ရွေးကောက်ပွဲရလဒ်များ ကြေညာသည့်အချိန်တွင် မဖြစ်နိုင်သည့် မသင်္ကာဖွယ်ရာ မဲရလဒ်များ ထွက်ပေါ်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်းအတွင်း၌ပင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၃ သိန်း ၄ သောင်း ကျော်ရှိခဲ့ပြီး ထိုအထဲတွင် အသက် ၁၀၀ နှစ်နှင့်အထက် ၇၀၈ ဦးအထိ ပါဝင်နေသည်ကို စိစစ်တွေ့ရှိရကြောင်း။
- ထိုသို့မဲစာရင်းများကြီးမားစွာ ကွဲလွဲနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဖွဲ့အစည်းအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် နိုင်ငံတော်၏အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်၏တည်ဆဲဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။
- ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးပြီး မိမိတို့အနေဖြင့် တတိယ



**တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တိုင်းအတွင်း စက်ရုံအလုပ်ရုံများလည်ပတ်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြနေမှု**

လှိုင်းဖြစ်ပေါ်ခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အခက်အခဲမျိုးစုံကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

- ကာကွယ်ဆေးရရှိရေးအတွက် နိုင်ငံပေါင်းစုံနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို ရည်မှန်းဆောင်ရွက်ခဲ့သည့်အတိုင်း ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ယခုနှစ်သည် စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် စိန်ရတုအကြိုကာလဖြစ်ကြောင်း၊ မိမိတို့လျှောက်လှမ်းနေသည့် ပါတီစုံလမ်းကြောင်းကို လျှောက်လှမ်းရာတွင် နိုင်ငံသားတိုင်းတူညီသည့် အခွင့်အရေးရရှိရမည်ဖြစ်ကြောင်း။
- ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA တွင် လက်မှတ်မထိုးရသေးသည့်အဖွဲ့အစည်းများ ပါဝင်လာနိုင်စေရေး အလွတ်သဘောဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- ကျန်းမာရေးနှင့်ပတ်သက်၍ အာဟာရပြည့်ဝစွာ စားသောက်ရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်သွားလာလှုပ်ရှားမှုများရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ငါးမျိုးစုံကိုရွေးချယ်စားသုံးနိုင်ပြီး အခြားအသားငါး၊ ဟင်းသီးဟင်းရွက်များလည်း ပြည့်စုံစွာရရှိနိုင်ပြီးဖြစ်သဖြင့် ပြည့်ပြည့်ဝဝ စားသုံးကာ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။
- ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံ၏ပညာရည်အဆင့်အတန်းမြင့်မားစေရေးအတွက် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုပြီး အမှန်တကယ် တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ကြောင်း။
- စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ငါးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်ကြစေလိုပြီး သယံဇာတပေါကြွယ်ဝမှုနှင့် နေရာအချက်အခြာကျမှုကို အခြေခံ၍ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးရန်လိုကြောင်း။
- တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ပညာရေးကိုအားပေးကြစေလိုပြီး စနစ်ကျနသည့် စီးပွားရေးလုပ်ငန်းများ ပေါ်ထွက်လာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ထိန်းသိမ်းကြပ်မတ်မှု၊ ဒေသခံပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁-၂၀၂၂)**

- မဲစာရင်းများကြီးမားစွာ ကွဲလွဲနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူ အဖွဲ့အစည်းအဆင့်ဆင့်သို့ အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မ ရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် တပ်မတော်က နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထိန်းသိမ်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်။
- မိမိတို့အနေဖြင့် နိုင်ငံတော်၏အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာမှုရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်၏တည်ဆဲဥပဒေဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်းသာ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်။
- ကာကွယ်ဆေးရရှိရေးအတွက် နိုင်ငံပေါင်းစုံနှင့်ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ ကို ရည်မှန်းဆောင်ရွက်ခဲ့သည့်အတိုင်း ဒီဇင်ဘာလကုန်တွင် ၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံဆောင်ရွက် ပေးနိုင်ခဲ့။
- မိမိတို့လျှောက်လှမ်းနေသည့် ပါတီစုံလမ်းကြောင်းကို လျှောက်လှမ်းရာတွင် နိုင်ငံသားတိုင်းတူညီသည့် အခွင့်အရေးရရှိရမည်ဖြစ်။
- ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးရရှိရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြုလုပ်ဆောင်ရွက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA တွင် လက်မှတ်မထိုးရသေးသည့်အဖွဲ့အစည်းများ ပါဝင်လာနိုင်စေရေး အလွတ်သဘောဆွေးနွေးမှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- တနင်္သာရီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်ပြီး နဂိုရှိရင်းစွဲ သယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်အတွက် အနာဂတ်မျှော်မှန်းချက်များစွာရှိသည့် ဒေသတစ်ခုဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ဇန်နဝါရီလ ၁၅ ရက်တွင် ကျွန်းစုမြို့၊ မြို့တော်ခန်းမ၌ တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည့်အချက်များမှာ-

- ဒေသခံများအနေဖြင့် မိမိတို့၏ ရှိရင်းစွဲလုပ်ငန်းများဖြင့် ရောင့်ရဲတင်းတိမ်နေ၍မရဘဲ လူနေမှုဘဝအဆင့်မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ပညာရေးသည် တစ်ဦးချင်း၏လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် ပညာတတ်များလိုအပ်ကြောင်း။
- ကလေးငယ်များ ပညာသင်ကြားခြင်းသည် ၎င်းတို့၏ဘဝရပ်တည်ရေးနှင့် တိုးတက်ရေးအတွက်ဖြစ်ပြီး အစိုးရအတွက် အဓိကမဟုတ်ပါကြောင်း၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းတက်ရောက်စေရေး မိဘများမှ တွန်းတွန်းတိုက်တိုက်ဖြင့် ဆောင်ရွက်စေလိုကြောင်း။
- ဒေသတွင်းဝမ်းစာဖူလုံမှုနှင့်ပတ်သက်၍ လိုအပ်သည့် အခြေခံစားကုန်ပစ္စည်းများကို ပြင်ပမှဝယ်ယူသုံးစွဲရာတွင် လမ်းခရီးအခက်အခဲများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်ဖြစ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံအမှာစကားပြောကြားနေမှု**

သဖြင့် မိမိတို့ဒေသတွင်း၌ပင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း။

- စီးပွားရေးနှင့်ပတ်သက်၍ ရေလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်းစုဒေသ၌ ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း။
- မြိတ်ဒေသတွင် ရာဘာနှင့် အုန်းများ စိုက်ပျိုးဖြစ်ထွန်းပြီး အီကွေတာနှင့် နီးကပ်သောနိုင်ငံအချို့တွင် အုန်းစိုက်ပျိုးမှုများအား စနစ်တကျစိုက်ပျိုး၍ ကုန်ပစ္စည်းထုတ်လုပ်မှုများအား စီးပွားဖြစ်ဆောင်ရွက်လျက်ရှိကြောင်း။
- မိမိတို့အနေဖြင့်လည်း အုန်းကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆင့်မြင့်အုန်းထွက်ကုန်များ ဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- လျှပ်စစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး Survey လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်နှင့် လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခြင်းဖြင့် ကျွန်းစုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိုက်အလျောက် အထောက်အကူပြုမည်ဖြစ်ကြောင်း။
- ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်း၍ တိုင်ပင်ဆွေးနွေးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျွန်းစုမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆-၁-၂၀၂၂)**

- **နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း၊ ပညာရေးသည် တစ်ဦးချင်း၏လိုအပ်ချက်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် ပညာတတ်များလိုအပ်ကြောင်း။**
- **ကလေးငယ်များ ပညာသင်ကြားခြင်းသည် ၎င်းတို့၏ဘဝရပ်တည်ရေးနှင့် တိုးတက်ရေးအတွက်ဖြစ်ပြီး အစိုးရအတွက် အဓိကမဟုတ်ပါကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းတက်ရောက်စေရေး မိဘများမှ တွန်းတွန်းတိုက်တိုက်ဖြင့် ဆောင်ရွက်စေလိုကြောင်း။**





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်နေမှု**

- **စီးပွားရေးနှင့်ပတ်သက်၍ ရေလုပ်ငန်းများဆောင်ရွက်ရာတွင် ကျွန်းစုဒေသ၌ ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း။**
- **မြိတ်ဒေသတွင် ရာဘာနှင့် အုန်းများ စိုက်ပျိုးဖြစ်ထွန်းပြီး အီကွေတာနှင့် နီးကပ်သောနိုင်ငံအချို့တွင် အုန်းစိုက်ပျိုးမှုများအား စနစ်တကျစိုက်ပျိုး၍ ကုန်ပစ္စည်းထုတ်လုပ်မှုများအား စီးပွားဖြစ်ဆောင်ရွက်လျက်ရှိကြောင်း။**
- **မိမိတို့အနေဖြင့်လည်း အုန်းကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆင့်မြင့်အုန်းထွက်ကုန်များ ဆောင်ရွက်ရန်လိုပြီး လိုအပ်သည်များကို နိုင်ငံတော်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။**
- **လျှပ်စစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး Survey လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်နှင့် လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ခြင်းဖြင့် ကျွန်းစုဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထိုက်အလျောက်အထောက်အကူပြုမည်ဖြစ်ကြောင်း။**

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီလ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ ထားဝယ်တက္ကသိုလ်နှင့် ထားဝယ်ကမ်းနားလမ်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်နိုင်မည့်အခြေအနေများနှင့် ကမြောကင်းတံတားတည်ဆောက်ရေးစီမံကိန်းတို့သို့ ကြည့်ရှုစစ်ဆေးခြင်း၊ ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ကြည့်ရှုစစ်ဆေးခြင်း၊ မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုဇွန်မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအား ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်မြို့ရှိ လောကမာရဇိနရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်နေမှု**

**ထားဝယ်မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး**

ဇန်နဝါရီလ ၁၄ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တက္ကသိုလ်၏ အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က–

- ကျောင်းများ၊ တက္ကသိုလ်များကိုဖွင့်လှစ်၍ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး နိုင်ငံတော်မှ ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများက ပူးပေါင်းပါဝင်၍ ပညာရေးကို အားပေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊

- ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးရာတွင် အလွတ်ကျက်ပညာရေးသဘောမျိုးမဟုတ်ဘဲ သင်ယူလေ့လာခြင်း Study စနစ်ဖြင့် သင်ကြားမှုစနစ်ဖြစ်ရန်လိုပြီး ဆရာနှင့် ကျောင်းသားအပြန်အလှန် မေးမြန်းဆွေးနွေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာ စာပေဘာသာပညာရပ်များကို လေ့လာဖတ်ရှုမှတ်သားခြင်းတို့ လုပ်ဆောင်စေရမည်ဖြစ်ကြောင်း၊

- မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့်အတွက် ဥပဒေနှင့် စီးပွားရေးအတတ်ပညာကို နိုင်ငံနှင့်အဝန်းသိရှိနိုင်ရန် စီးပွားရေးဆိုင်ရာ ဘာသာရပ်နှင့် ဥပဒေဆိုင်ရာဘာသာရပ်များကိုပါ သင်ကြားပေးနိုင်ရေး လုပ်ဆောင်စေလျက်ရှိကြောင်း မှာကြားခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမြောကင်းတံတားတည်ဆောက်ရေးစီမံကိန်းသို့ ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲပေ (၁၈၀) အထက်တံတားများ တည်ဆောက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က–

- မိုးများသည့်ဒေသဖြစ်သဖြင့် လမ်းများရေရှည်ကောင်းမွန်စေရေး မြေပြုပြင်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းပေါ် သစ်ကိုင်းများရောက်ပြီး မိုးရေကျမှုများလည်း အနည်းဆုံးဖြစ်ရန်လိုကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းပုခုံးများသတ်မှတ်ချက်များအတိုင်းရှိစေရန်နှင့် လမ်းနယ်များအား စနစ်တကျဖြင့် သတ်မှတ်ဆောင်ရွက်ရန်လိုကြောင်း၊

- မိမိတို့နိုင်ငံတွင် မော်တော်ဆိုင်ကယ်အစီးရေ ၆ သန်းခန့်ရှိသဖြင့် လမ်းများဖောက်လုပ်ရာတွင် ဆိုင်ကယ်သွားရန်အတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန် လိုကြောင်း၊ တံတားများတည်ဆောက်ရာတွင် ခံနိုင်ဝန်ရှိရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း မှာကြားခဲ့ပါသည်။

**ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ ကြည့်ရှုစစ်ဆေး**

ဇန်နဝါရီလ ၁၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထားဝယ်တက္ကသိုလ်မှ ဆရာ/မများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

ဘုတ်ပြင်းမြို့ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက ဆီအုန်းစိုက်ပျိုးထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က-

- စိုက်ပျိုးမြေများကို အမှန်တကယ် အသုံးပြုစိုက်ပျိုးခြင်းရှိ/မရှိကို မြေယာမူဝါဒ၊ မြေယာဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနက အမြန်ဆုံး စိစစ်တင်ပြဆောင်ရွက်ရန်လိုကြောင်း။
- ဆီအုန်းများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ မြေကောင်းမွန်ရန်နှင့် ရေလုံလောက်စွာရရှိရန် ဆောင်ရွက်ပြီး စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် ဆီစားသုံးမှုမှာ တစ်ဦးချင်းအနေဖြင့် မြင့်မားပြီး စားအုန်းဆီများအား ပြည်ပမှနှစ်စဉ် ဆီတန်ချိန်များစွာတင်သွင်းခဲ့ရကာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော်ဖိုးခန့်တင်သွင်းခဲ့ရသဖြင့် နိုင်ငံတော်မှ ငွေကြေးများစွာသုံးစွဲခဲ့ရကြောင်း။
- ပညာရှင်များ၏ တွက်ချက်မှုအရ ကျန်းမာရေးအတွက် လူတစ်ဦး၏ တစ်ရက် ဆီလိုအပ်ချက်သည် ၁.၅၈ ကျပ်သားဖြစ်၍ ၁ နှစ်လျှင် ၆ ပိဿာခန့်သာ စားသုံးသင့်ပြီး တစ်ဖက်မှ ဆီစားသုံးမှုလျှော့ချသကဲ့သို့ တစ်ဖက်တွင် ဆီအထွက်နှုန်းတိုးစေရန်အတွက် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ကိုယ်စီကျန်းမာသောဘဝကို ပိုင်ဆိုင်ကာ နိုင်ငံအတွက်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။
- စားသုံးဆီများတင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ယခုစားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။
- ကော့သောင်းဒေသနှင့် ဘုတ်ပြင်းဒေသများတွင် ဆီအုန်းများ ရာနှုန်းပြည့်စိုက်ပျိုးကြရန်လိုကြောင်း မှာကြားခဲ့ပါသည်။

**မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ဒေသတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများကြည့်ရှုစစ်ဆေး**

ဇန်နဝါရီလ ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ ငါးဖမ်းလုပ်ငန်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင်-

- ငါးလေလံဈေးနှင့် စက်မှုဇုန်တည်ဆောက်ရေးအတွက် ၂၀၂၁ ခုနှစ် မြိတ်မြို့ခရီးစဉ်အတွင်း နေရာရွေးချယ်ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရမှခွင့်ပြုပေးပြီးဖြစ်၍ ပထမအဆင့်အနေဖြင့် ငါးလေလံဈေးအား ဦးစားပေးတည်ဆောက်ရန်လိုကြောင်း။
- တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုမရှိသည့်အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် လယ်မြေများအား အသုံးမပြုရန်နှင့် မြေကိုအကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကမြောကြင်းတံတားတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးနေမှု**

- မိမိတို့အနေဖြင့် နိုင်ငံ၏စားရေရိက္ခာပေါများစေရန်အတွက် ဆောင်ရွက်လျက်ရှိရာ မြိတ်ဒေသအတွင်း စပါးအထွက်နှုန်း များတိုးတက်အောင် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- ရေထွက်ကုန်ပစ္စည်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်အောင် ပြည်တွင်း၌ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်ရန် လိုကြောင်း၊ မြိတ်ဒေသအတွင်း လျှပ်စစ်မီးလုံလောက်စွာ ရရှိရေးအတွက်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှစီမံဆောင်ရွက်လျက်ရှိကြောင်း။
- နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝက ပေးအပ်ထားသည့် အားသာချက်များကို အကျိုးရှိစွာအသုံးချ၍ အထွက်နှုန်းကောင်းစေရန် စနစ်တကျဖြင့် မွေးမြူကြရန်လိုကြောင်း၊ မြိတ်မြို့ဆိပ်ကမ်းကိုလည်း နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းတစ်ခုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။
- တနင်္သာရီတိုင်းဒေသကြီးအတွင်း သံရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်များစွာရှိသဖြင့် ရေလုပ်ငန်းတစ်ခုတည်းကိုသာမက အခြားစက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြိတ်မြို့ဓာတ်ပုံအား အမှတ်တရ ပေးအပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၆-၁-၂၀၂၂)**

- **မိမိတို့နိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေသည့်အတွက် ဥပဒေနှင့် စီးပွားရေးအတတ်ပညာကို နိုင်ငံနှင့်အဝန်းသိရှိနိုင်ရန် စီးပွားရေးဆိုင်ရာ ဘာသာရပ်နှင့် ဥပဒေဆိုင်ရာဘာသာရပ်များကိုပါ သင်ကြားပေးနိုင်ရေး လုပ်ဆောင်စေလျက်ရှိ။**
- **တံတားများတည်ဆောက်ရာတွင် ခံနိုင်ဝန်ရှိရန်နှင့် ရေရှည်ခိုင်ခံ့မှုရှိစေရေးအတွက် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လို။**
- **စိုက်ပျိုးမြေများကို အမှန်တကယ် အသုံးချခြင်း ရှိ/မရှိကို မြေယာမူဝါဒ၊ မြေယာဥပဒေများနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနက အမြန်ဆုံးစိစစ်တင်ပြဆောင်ရွက်ရန်လို။**
- **ဆီအုန်းများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ မြေကောင်းမွန်ရန်နှင့် ရေလုံလောက်စွာရရှိရန် ဆောင်ရွက်ပြီး စိုက်နည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုကောင်းမွန်မည်ဖြစ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တောင်ဒဂုံဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းသို့ ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငါးပုစွန်မွေးမြူရေးလုပ်ငန်းစီမံကိန်းများအား ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် အမှာစကားပြောကြားနေမှု

- ငါးလေလံဈေးနှင့်စက်မှုဇုန်တည်ဆောက်ရေးအတွက် ၂၀၂၁ ခုနှစ် မြိတ်မြို့ခရီးစဉ်အတွင်း နေရာရွေးချယ် ဆောင်ရွက်ပေးခဲ့ပြီး စီမံကိန်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရမှ ခွင့်ပြုပေးပြီးဖြစ်၍ ပထမအဆင့်အနေဖြင့် ငါးလေလံဈေးအား ဦးစားပေးတည်ဆောက်ရန်လို။
- တနင်္သာရီတိုင်းဒေသကြီးသည် ဆန်ဖူလုံမှုမရှိသည့်အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် လယ်မြေများအား အသုံးမပြုရန်နှင့် မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရန်လို။
- မြိတ်ဒေသအတွင်းလျှပ်စစ်မီး လုံလောက်စွာရရှိရေးအတွက်လည်း ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်လျက်ရှိ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံများ




ထားဝယ်တက္ကသိုလ်ဆရာ/မများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားကာ တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးနေမှု





ကမြောကင်းတံတားတည်ဆောက်မှုစီမံကိန်းအား သွားရောက်ကြည့်ရှုစစ်ဆေးနေမှု




တောင်ဒဂုံဆီအုန်းစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းသို့ ကြည့်ရှုစစ်ဆေးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မောရဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီရေတပ်စခန်းဌာနချုပ်နှင့် ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

ဇန်နဝါရီလ ၁၃ ရက်တွင် ကမ်းရိုးတမ်းဒေသတိုင်းစစ်ဌာနချုပ်၊ မောရဝတီရေတပ်စခန်းဌာနချုပ်သို့ သွားရောက်တွေ့ဆုံအမှာစကားပြောကြားခဲ့ရာ-

- တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်သည် နိုင်ငံတော်ကာကွယ်ရန်ဖြစ်ပြီး စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ အစဉ်ထက်မြက်နေအောင် လေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။
- တပ်မတော်သားအားလုံးသည် တပ်မတော်ကိုချစ်သည့်စိတ်ဖြင့် မိမိကိုယ်ကို စစ်သားကောင်းတစ်ယောက် ပီသအောင် တည်ဆောက်ရမည်ဖြစ်ပြီး မိမိတပ်ဖွဲ့၊ မိမိတပ်ရင်း၊ မိမိတပ်မတော်နှင့် နိုင်ငံချစ်စိတ်များကို တည်ဆောက်ကြရန် လိုကြောင်း။
- တပ်မတော်သားများဖြစ်သည့်အတွက် မိမိအားတာဝန်ပေးအပ်လာပါက မည်သည့်နေရာဒေသဖြစ်စေ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရမည်ဖြစ်ကြောင်း။
- ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုပြီး တပ်မတော်သားတစ်ဦးချင်းအနေဖြင့် စစ်သားကောင်းပီသစွာ နေထိုင်ကျင့်ကြံခြင်းအားဖြင့် တပ်မတော်၏ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်ကြောင်း။
- ဦးစီးခေါင်းဆောင်ရသူများအနေဖြင့်လည်း တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်တို့ဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်မိသားစုများ၏ ရပိုင်ခွင့်နှင့် သက်သာချောင်ချိရေးကို နည်းလမ်းတကျ မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- လက်အောက်ငယ်သားများအနေဖြင့်လည်း ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာ၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းဖြင့်နေထိုင်ကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

ဇန်နဝါရီလ ၁၄ ရက်တွင် ဘုတ်ပြင်းတပ်နယ်သို့ သွားရောက်တွေ့ဆုံအမှာစကားပြောကြားခဲ့ရာ-

- တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်သားများ၊ တပ်ရင်းတပ်ဖွဲ့များဖြစ်စေရေး အမြဲလေ့ကျင့်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘုတ်ပြင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

- မိမိတပ်၏ကောင်းရာကောင်းကျိုးများကို တစ်ဦးချင်း အသိသတိဖြင့် ဆောင်ရွက်ခြင်းဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးများကိုလည်း မိမိတို့တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်းသိရှိရပါသည်။

- စစ်သားကောင်းတစ်ယောက်ဖြစ်ရန်အတွက် အမိန့်နာခံတတ်မှုနှင့် ကျင့်ဝတ်အပါး ၆ဝ ကို မှန်မှန်ကန်ကန်ဖြင့် လိုက်နာဆောင်ရွက်ရန်လိုရုံသာမက စစ်စည်းကမ်းသည် တိုက်တွန်းချက်နှင့် တားမြစ်ချက်များပင်ဖြစ်သောကြောင့် ချမှတ်ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား တိကျစွာလိုက်နာရန် လိုအပ်ကြောင်း။
- ပညာရည်သင်ကြားရေးနှင့်ပတ်သက်၍လည်း တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှငွေကြေးများကုန်ကျခံ၍ ဆောင်ရွက်ပေးလျက်ရှိပြီး မိမိဘဝတိုးတက်ရေး၊ အသိပညာမြင့်မားရေးအတွက် မိမိတို့တစ်ဦးချင်း ကိုယ်တိုင်ကြိုးစားအားထုတ်ခွင့်ရှိသဖြင့် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း။

**(မြဝတီသတင်းစာ ၁၅-၁-၂၀၂၂)**

- **တပ်မတော်သားအားလုံးသည် တပ်မတော်ကိုချစ်သည့်စိတ်ဖြင့် မိမိကိုယ်ကို စစ်သားကောင်းတစ်ယောက် ပီသအောင် တည်ဆောက်ရမည်ဖြစ်ပြီး မိမိတပ်ဖွဲ့၊ မိမိတပ်ရင်း၊ မိမိတပ်မတော်နှင့် နိုင်ငံချစ်စိတ်များကို တည်ဆောက်ကြရန်လို။**
- **တပ်မတော်သားများဖြစ်သည့်အတွက် မိမိအားတာဝန်ပေးအပ်လာပါက မည်သည့်နေရာဒေသဖြစ်စေ သွားရောက်တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရမည်ဖြစ်။**
- **ဦးစီးခေါင်းဆောင်ရသူများအနေဖြင့်လည်း တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်တို့ဖြင့် မိမိတို့ကွပ်ကဲအုပ်ချုပ်ရသည့် တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်မိသားစုများ၏ ရပိုင်ခွင့်နှင့် သက်သာချောင်ချိရေးကို နည်းလမ်းတကျ မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်။**
- **စစ်သားကောင်းတစ်ယောက်ဖြစ်ရန်အတွက် အမိန့်နာခံတတ်မှုနှင့် ကျင့်ဝတ်အပါး ၆ဝ ကို မှန်မှန်ကန်ကန်ဖြင့် လိုက်နာဆောင်ရွက်ရန်လိုရုံသာမက စစ်စည်းကမ်းသည် တိုက်တွန်းချက်နှင့် တားမြစ်ချက်များပင်ဖြစ်သောကြောင့် ချမှတ်ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအား တိကျစွာလိုက်နာရန်လို။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်အလိုက် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်နေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိစစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု

- တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ ငွေကြေးများကုန်ကျခံ၍ ဆောင်ရွက်ပေးလျက်ရှိပြီး မိမိဘဝတိုးတက်ရေး၊ အသိပညာမြင့်မားရေးအတွက် မိမိတို့တစ်ဦးချင်း ကိုယ်တိုင် ကြိုးစားအားထုတ်ခွင့်ရှိသဖြင့် ကြိုးစားဆောင်ရွက်ကြစေလို။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကောက်နုတ်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် နှစ်(၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကောက်နုတ်ချက်မှာ-

- ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကရင်နီပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခုအဖြစ်ပါဝင်ခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှစ၍ ကရင်နီပြည်နယ်မှ ကယားပြည်နယ်အဖြစ် တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ကို “ကယားပြည်နယ်နေ့”အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး “ညီညာမှပြည်သာမည်” ဖြစ်သည့်အတွက် အားလုံး၏စုစည်းမှုစွမ်းအားနှင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်ကြောင်း ။
- တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရန် အဓိကကျသည့်အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း။
- ယခုလတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပြီး ထိုအခြေအနေများ၏ အကျိုးဆက်သည် နိုင်ငံတော်၏ကောင်းကျိုးကို ဖော်ဆောင်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ကြရန် လိုအပ်ကြောင်း။
- ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ပွားများဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရာတွင် ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ်အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းကြောင်း။

ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအားလုံး ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်နိုင်သူများဖြစ်ကြ၍ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးကို အားကြိုးမာန်တက်ဆောင်ရွက်နိုင်ကာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားတိုးတက်မြင့်မားရေးကို ဝိုင်းဝန်းဖော်ဆောင်နိုင်ကြပါစေကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၅-၁-၂၀၂၂)**

- နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး "ညီညာမှပြည်သာမည်" ဖြစ်သည့်အတွက် အားလုံး၏စုစည်းမှုစွမ်းအား နှင့် ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်။
- ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက် အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များမှားပြီး ညီညွတ်မှုများ ပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည့်အခြေအနေများသည် နိုင်ငံတော်၏ကောင်းကျိုးကို ဖော်ဆောင်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူအားလုံးအတွက် အန္တရာယ်ဖြစ်စေကြောင်း သတိထားဆင်ခြင်နိုင်ရန် လိုအပ်။

## နှစ် (၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားကျင်းပ





နှစ် (၇၀) ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားကို ဇန်နဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားသို့ ကယားမျိုးနွယ်စု ၉ ခု တို့မှ လူမျိုးစုခေါင်းဆောင်များက နေရာယူပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတနိုင်ငံတော်အလံအား အလေးပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် နှစ်(၇၀) ပြည့် ကယားပြည်နယ်နေ့ဂုဏ်ပြုသဝဏ်လွှာအား ဖတ်ကြားခဲ့ပါသည်။

## နှစ် (၇၀)ပြည့် ကယားပြည်နယ်နေ့ အခမ်းအနားကျင်းပမှု မှတ်တမ်းဓာတ်ပုံများ








နှစ် (၇၀) ပြည့် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ဆုတံဆိပ်ရရှိသူ ၅၃ ဦးအား ဂုဏ်ထူးဆောင်ဆုတံဆိပ်များနှင့် ထူးချွန်မှုဂုဏ်ထူးဆောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကယားပြည်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် DVB–T2 Set Top Box အလုံး ၁,၀၀၀ ကို ပေးအပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကယားမျိုးနွယ်စု ၉ ခု တို့မှခေါင်းဆောင်များနှင့် မှတ်တမ်းတင်ဓါတ်ပုံရိုက်ကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၆–၁–၂၀၂၂)**

- **ကယားပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် နှစ် (၇၀) ပြည့် ကယားပြည်နယ်နေ့ ဂုဏ်ပြုသဝဏ်လွှာအား ဖတ်ကြားခဲ့။**
- **နှစ် (၇၀) ပြည့် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်အတွင်း စီမံခန့်ခွဲရေး၊ လူမှုရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ဆုတံဆိပ်ရရှိသူ ၅၃ ဦးအား ဂုဏ်ထူးဆောင်ဆုတံဆိပ်များနှင့် ထူးချွန်မှုဂုဏ်ထူးဆောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့။**

# ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၂) အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင်-

- ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ သတ္တုနှင့် ဝန်ဆောင်မှုကဏ္ဍများ၌ လုပ်ငန်းသစ် ၁၀ ခု ကိုခွင့်ပြုခဲ့။
- လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၇၉ သန်းနှင့် ငွေကျပ် ၈၀၆,၀၆၆ ဒသမ ၅၉၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂,၆၄၆ နေရာ ဖန်တီးပေးနိုင်ခဲ့။
- ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုက စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၃၉၅ သန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၂၀ ခုက စုစုပေါင်း ငွေကျပ် ၁,၀၄၈,၀၂၉ ဒသမ ၂၁၅ သန်း ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၂,၇၄၇ ခု ဖန်တီးပေးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅၂ ဘီလီယံဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုငွေကျပ် ၃၃၂ ဒသမ ၉၆၆ ဘီလီယံရှိခဲ့ပသည်။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဝင်ရောက်ခဲ့သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လျှပ်စစ်ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၊ စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် တခြားကဏ္ဍများပါဝင်ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ တခြားဝန်ဆောင်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ စိုက်ပျိုးရေး၊ လျှပ်စစ်စွမ်းအားနှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့ပါဝင်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁-၂၀၂၂)**

- လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၁ ဒသမ ၇၉ သန်းနှင့် ငွေကျပ် ၈၀၆,၀၆၆ ဒသမ ၅၉၅ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂,၆၄၆ နေရာ ဖန်တီးပေးနိုင်ခဲ့။
- ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုခွင့်ပြုမှုအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုက စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၇၉ ဒသမ ၃၉၅ သန်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်းပေါင်း ၂၀ ခုက စုစုပေါင်း ငွေကျပ် ၁,၀၄၈,၀၂၉ ဒသမ ၂၁၅ သန်း ခွင့်ပြုခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၂,၇၄၇ ခု ဖန်တီးပေးခဲ့။

## အိုမီခရွန်ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိ




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များအား တွေ့ဆုံခဲ့ပြီး အိုမီခရွန်ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြောကြားနေမှု

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သတ်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ဇန်နဝါရီလ ၁၄ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များအား တွေ့ဆုံခဲ့ပြီး အိုမီခရွန်ရောဂါ တားဆီး၊ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင်-

- အခြားနိုင်ငံများမှ ရောဂါပိုးဝင်ရောက်မှုကို အချိန်အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ရေးအတွက် ပြည်ပမှ ဝင်ရောက်လာသူများအား သတ်မှတ်ထားသော ဟိုတယ်များနှင့် ကွာရန်တင်းစင်တာများ၌ အသွားအလာကန့်သတ်၍ သတ်မှတ်ထားသော အကြိမ်ရေနှင့်အညီ ဓာတ်ခွဲစစ်ဆေးပြီးမှသာ ၎င်းတို့နေအိမ်များသို့ ပြန်ခွင့်ပြုလျက်ရှိကြောင်း။
- နယ်စပ်ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများကိုလည်း နယ်စပ်ဝင်/ထွက်ပေါက်နေရာများတွင် အသွားအလာကန့်သတ်၍ သတ်မှတ်ချက်အတိုင်း ဓာတ်ခွဲစစ်ဆေးပြီးမှသာ သက်ဆိုင်ရာဒေသများသို့ သွားရောက်ရန် ခွင့်ပြုထားကြောင်း ပြောကြားခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ပနိုင်ငံများမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် အိုမီခရွန်ရောဂါပိုးတွေ့ရှိမှုကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိရာ-

- ၁၂-၁-၂၀၂၂ ရက်တွင် မြန်မာနိုင်ငံသား ၂ ဦးသည် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်။
- ၁၃-၁-၂၀၂၂ ရက်တွင် မြန်မာနိုင်ငံသား ၄၀ ဦးနှင့် နိုင်ငံခြားသား ၂ ဦးတို့သည် အိန္ဒိယနိုင်ငံ၊ ယူအေအီးနိုင်ငံ၊

မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူများဖြစ်။

- ၁၄-၁-၂၀၂၂ ရက်တွင် နိုင်ငံခြားသား ၃ ဦးသည် ဖိလစ်ပိုင်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူများဖြစ်။
- ၁၅-၁-၂၀၂၂ ရက်တွင် အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ ၁၀ ဦးမှာ မြန်မာနိုင်ငံသား ၅ ဦး၊ နိုင်ငံခြားသား ၃ ဦးတို့သည် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး ကျန်မြန်မာနိုင်ငံသား ၂ ဦးတို့မှာ ခေတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သည့်မိသားစုဝင်များဖြစ်ပါသည်။ ၁၅-၁-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၇၆ ဦးရှိပြီဖြစ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါမျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ (Quarantine Center)များ၊ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများကြိုတင်ပြင်ဆင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁-၂၀၂၂)**

- **အခြားနိုင်ငံများမှ ရောဂါပိုးဝင်ရောက်မှုကို အချိန်အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ရေးအတွက် ပြည်ပမှဝင်ရောက်လာသူများအား သတ်မှတ်ထားသော ဟိုတယ်များနှင့် ကွာရန်တင်းစင်တာများ၌ အသွားအလာ ကန့်သတ်၍ သတ်မှတ်ထားသော အကြိမ်ရေနှင့်အညီ ခေတ်ခွဲစစ်ဆေးပြီးမှသာ ၎င်းတို့နေအိမ်များသို့ ပြန်ခွင့်ပြုလျက်ရှိကြောင်း။**
- **၁၅-၁-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါ ပိုးတွေ့ရှိသူစုစုပေါင်း ၇၆ ဦးရှိပြီဖြစ်။**
- **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အိုမီခရွန်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၁၆ ရက်အထိ လူဦးရေစုစုပေါင်း ၂၁ ဒသမ ၄ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၇ ဒသမ ၆ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၈ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၃၈ ဒသမ ၉ သန်း ထိုးနှံပြီးဖြစ်။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဇန်နဝါရီလ ၁၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၁,၃၇၄,၆၀၄ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၄၈,၃၈၂ ဦးအား ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- တရုတ်နိုင်ငံ၏ ဗုဒ္ဓဘာသာအဖွဲ့အစည်းဒုတိယဥက္ကဋ္ဌ Hongfa ဘုန်းတော်ကြီးကျောင်းဆရာတော် Venerable Master YinShun က ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော ရဟန်း၊ သာမဏေ၊ သီလရှင်များ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးနေမှု**



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား ထိုးနှံပေးနေမှု**

အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၅,၀၀၀ လှူဒါန်းခဲ့။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဒေသခံပြည်သူများအတွက် Sinovac ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၅၀,၀၀၀ ကို ဇန်နဝါရီလ ၁၃ ရက်တွင် မြန်မာ-တရုတ်နယ်စပ် နန်းတော်ဂိတ်တွင် ပေးအပ်လှူဒါန်းခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက်အတွင်း အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၇ ခုမှ ယာဉ် ၁၄ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် ၁ စီးဖြင့် တန် ၂၀၊ အိမ်သုံးအောက်ဆီဂျင် စက် ၈၄၆ ခု၊ လက်အိတ် ၂၁ တန်နှင့် နှာခေါင်းစည်း (Mask) ၆၆ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၁၆ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၇၀၃ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၆၀ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၆-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၂၀၃,၉၉၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၃,၁၄၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၀၂ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၆-၁-၂၀၂၂)**

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဇန်နဝါရီလ ၁၆ ရက်အထိ လူဦးရေ စုစုပေါင်း ၂၁ ဒသမ ၄ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၇ ဒသမ ၆ သန်း နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၈ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၃၈ ဒသမ ၉ သန်း ထိုးနှံပြီးဖြစ်။
- ဇန်နဝါရီလ ၁ ရက်မှ ၁၅ ရက်အတွင်း အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၇ ခုမှ ယာဉ် ၁၄ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် ၁ စီးဖြင့် တန် ၂၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၈၄၆ ခု၊ လက်အိတ် ၂၁ တန်နှင့် နှာခေါင်းစည်း (Mask) ၆၆ တန်တို့ကို တင်သွင်းနိုင်ခဲ့။
- ၁၆-၁-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၂၀၃,၉၉၂ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၃,၁၄၄ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၀၂ ဦးဖြစ်ပြီး ၁၆-၁-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၆၀ ရာခိုင်နှုန်းရှိ။

# ရုရှားသမ္မတနိုင်ငံမှ ဝယ်ယူ/လှူဒါန်းသည့် Sputnik Light ကိုဗစ်ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ရောက်ရှိ




ရုရှားသမ္မတနိုင်ငံမှ ဝယ်ယူ/လှူဒါန်းသည့် Sputnik Light ကိုဗစ်ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ရောက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ

မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တားဆီး၊ ကာကွယ်ရေးအတွက် ရုရှားသမ္မတနိုင်ငံမှ ဝယ်ယူထားသော Sputnik Light တစ်သန်းနှင့် ရုရှားသမ္မတနိုင်ငံမှ လှူဒါန်းသည့် Sputnik Light လေးသိန်းတို့သည် ဇန်နဝါရီလတွင် ရောက်ရှိခဲ့ပါသည်-

- ဇန်နဝါရီလ ၁၃ ရက်တွင် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံအတွက် လှူဒါန်းသော Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသိန်း Doses ရောက်ရှိခဲ့။
- ရုရှားနိုင်ငံမှ ဝယ်ယူသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး Doses တစ်သန်းအနက် ဇန်နဝါရီလ ၁၃ ရက်တွင် ပထမအသုတ်အဖြစ် ကာကွယ်ဆေး Doses ၄၈၈,၀၀၀ ရောက်ရှိခဲ့ပြီး ဇန်နဝါရီလ ၁၆ ရက်တွင် ဒုတိယအသုတ်အဖြစ် ကာကွယ်ဆေး Doses ၅၁၂,၀၀၀ ရောက်ရှိခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဝယ်ယူခြင်းမှ COVISHIELD ၁၅ ဒသမ ၄ သန်း၊ Sinopharm ၂၆ ဒသမ ၇ သန်း၊ Sinovac ၃ သန်း၊ Sputnik-V ၁ သန်းဖြင့် စုစုပေါင်း ၄၆ ဒသမ ၁ သန်း၊ လှူဒါန်းမှုမှ COVISHIELD ၂ ဒသမ ၅ သန်း၊ Sinopharm ၃ ဒသမ ၆ သန်း၊ Sinovac ၆ ဒသမ ၇ သန်း၊ Covaxin ၂ ဒသမ ၂ သန်း၊ Sputnik-V ၀ ဒသမ ၄ သန်းဖြင့် စုစုပေါင်း ၁၅ ဒသမ ၄ သန်း ရရှိခဲ့ရာ စုစုပေါင်း ၆၁ ဒသမ ၅ သန်းခန့်ရရှိခဲ့ပြီးဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၁၇-၁-၂၀၂၂)**




- ဇန်နဝါရီလ ၁၃ ရက်တွင် ရုရှားနိုင်ငံမှ လှူဒါန်းသော Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး လေးသိန်း Doses နှင့် ဝယ်ယူသည့် Sputnik Light ကိုဗစ်-၁၉ ကာကွယ်ဆေး Doses တစ်သန်းအနက် ပထမအသုတ်အဖြစ် ကာကွယ်ဆေး Doses ၄၈၈,၀၀၀ ရောက်ရှိခဲ့။
- ဇန်နဝါရီလ ၁၆ ရက်တွင် ဒုတိယအသုတ်အဖြစ် ကာကွယ်ဆေး Doses ၅၁၂,၀၀၀ ရောက်ရှိခဲ့။
- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ စုစုပေါင်း ၄၆ ဒသမ ၁ သန်းနှင့် လှူဒါန်းမှုမှ စုစုပေါင်း ၁၅ ဒသမ ၄ သန်းရရှိခဲ့ရာ စုစုပေါင်း ၆၁ ဒသမ ၅ သန်းခန့်ရရှိခဲ့ပြီးဖြစ်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာနှစ်သိန်းလှူဒါန်း




မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို တိုးမြှင့်ရန်နှင့် တရုတ်-မြန်မာ နယ်စပ်ဒေသ၌နေထိုင်သည့် ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးတို့အတွက်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ဇန်နဝါရီလ ၁၂ ရက်တွင် အမေရိကန်ဒေါ်လာ ၂ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို သံအမတ်ကြီး H.E. Mr. Chen Hai ထံ ပြန်လည်ပေးအပ်ခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအစိုးရက မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို တိုးမြှင့်ရန်နှင့် တရုတ်-မြန်မာ နယ်စပ်ဒေသ၌ နေထိုင်သည့် ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁-၂၀၂၂)**

- **မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို တိုးမြှင့်ရန်နှင့် တရုတ်-မြန်မာ နယ်စပ်ဒေသ၌ နေထိုင်သည့် ပြည်သူများ၏လူနေမှုဘဝတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာ ၂ သိန်း ပေးအပ်လှူဒါန်းခဲ့။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်နေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီလ ၁၄ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည် ဖြေကြားခဲ့ပါသည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရှင်းလင်းပြောကြားချက်များမှာ-

- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEM ၏ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်လည်ပတ်မှု။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(E A O )များနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီး ၂၀၂၂ ခုနှစ်၊ နှစ်ကုန်အထိ ထပ်မံတိုးမြှင့်သွားရန် အသိပေးထားသည့်အခြေအနေ။
- စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့နိုင်စေရန် ဆောင်ရွက်နေမှုအခြေအနေများ။
- ကိုဗစ်-၁၉ ရောဂါ SARS-CoV-2 Variant Omicrom မြန်မာနိုင်ငံတွင် တွေ့ရှိရမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု။



**သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံကားချပ်များ**

- NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးနှင့် သက်ဆိုင်သည့် ပစ်မှတ်များမဟုတ်သည့် လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများ၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာအဆောက်အဦများကို အကာအကွယ်ရယူပြီး အပြစ်မဲ့ဒေသခံများကို လူသားဒိုင်းအဖြစ် အသုံးပြု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်နေမှု၊ ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကျူးလွန်နေမှု၊ ပြည်သူလူထုအပေါ် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုအခြေအနေများ။
- NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည့်အကြမ်းဖက်မှုများ၊ ဖမ်းဆီးရမိမှုများနှင့် ဖမ်းဆီးရမိ တရားခံ NLD ပါတီဝင် ဖြိုးဇေယျာသော်၏ ဝန်ခံပြောကြားချက်များကို PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ရှင်းလင်းပြောကြားချက်များမှာ-

- တည်ဆဲနိုင်ငံရေးပါတီများ၏စာရင်းများကို စစ်ဆေးဆောင်ရွက်ပြီးစီးမှု အခြေအနေများ။
- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ဆောင်ရွက်ခဲ့ကြသူများအပေါ် အရေးယူဆောင်ရွက်မှုအခြေအနေများ။
- မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ဥပဒေ၊ နည်းဥပဒေများ သုံးသပ်ပြင်ဆင်ခြင်း၊ ဝန်ထမ်းအင်အားဖြည့်တင်းခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

တက်ရောက်လာကြသည့် သတင်းမီဒီယာများက ခင်းကျင်းပြသထားသည့် သတင်းစာရှင်းလင်းပွဲဆိုင်ရာ အချက်အလက်များ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ လုပ်ဆောင်ခဲ့သည် အကြမ်းဖက်မှုများ၊ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏လုပ်ဆောင်ချက်များနှင့် သတင်းထုတ်ပြန်ချက်များကို လိုက်လံကြည့်ရှုခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၅-၁-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့။**

# ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့ကို ချိုးဖောက်၍ စစ်ရာဇဝတ်မှုများကျူးလွန်ခြင်း

## သတင်းထုတ်ပြန်ချက်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်ရှိ အစိုးရနည်းပညာတက္ကသိုလ် (GTU) နှင့် ဗုဒ္ဓဥယျာဉ်တစ်ဝိုက် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ စိမ့်ဝင်ရောက်ရှိနေကြောင်း အကြမ်းဖက်အဖွဲ့အစည်းများကို မလိုလား၊ လက်မခံသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ ဖော်ထုတ်ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့်ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ၍လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ ဒေသခံများအား အန္တရာယ်အတွင်းမှ ဘေးကင်းရာသို့ သွားလာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုအောက်ရောက်ရှိစေခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း လူသားတံတိုင်းအဖြစ် အသုံးပြုခံရသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရမှုမရှိစေခြင်းငှာ အတတ်နိုင်ဆုံး ရန်သူပစ်မှတ်များကိုသာ အနည်းဆုံးပစ်အားအသုံးပြု၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။


ထိုသို့ထိတွေ့မှုရှိနေစဉ်အတွင်း ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းနှင့် ၁၂ ရက်နံနက်ပိုင်းတို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လွိုင်ကော်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား/သူများ ထိခိုက်ဒဏ်ရာရရှိစေပြီး မြို့အတွင်း၌ ဖရိုဖရဲဖြင့် ဆူပူမှုများဖြစ်စေရေးအတွက် လူနေရပ်ကွက်များအတွင်း နေရာ ၃ နေရာခွဲ၍ လက်နက်ကြီး/လက်နက်ငယ်များဖြင့် အကြောင်းမဲ့အကျဉ်းထောင်အား ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကျဉ်းသားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေး မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်အတွင်းမှ ပြန်လည်ပစ်ခတ်ခဲ့ရာ ဇန်နဝါရီလ ၁၁ ရက် ညနေပိုင်းနှင့် ၁၂ရက်နေ့လယ်ပိုင်းတို့တွင် အပစ်အခတ်ရပ်တန့်လျက် အနောက်ဘက်နှင့်အရှေ့တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။ ထိုသို့ အကြမ်းဖက်အုပ်စုနှင့် လက်နက်ကိုင်သောင်းကျန်းသူများဆုတ်ခွာမှုကို သိလျှင်သိချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက် လက်နက်ကြီး၊ လေကြောင်းပစ်ကူများဖြင့် ပိုင်းဖြတ်ပစ်ခတ်ခဲ့သည်။

ထို့ပြင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင်လည်း မှုံပြာကျေးရွာ၊ ဘာဒိုကျေးရွာ၊ ဘုရားဖြူကျေးရွာများဘက်မှ စိုက်ခင်းများနှင့် လမ်းကြောင်းများကို အသုံးပြု၍ အင်အားအလုံးအရင်း ထပ်မံဖြည့်တင်းလာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းပစ်ကူများ၊ လက်နက်ကြီးပစ်ကူများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်အဖွဲ့များ ဖရိုဖရဲဖြင့် တောင်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ ဖြစ်စဉ်များတွင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အစိုးရအဆောက်အဦတချို့နှင့် အကျဉ်းထောင်မှ အိပ်ဆောင်တချို့ ထိခိုက်ပျက်စီးခဲ့သည်။

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အဆိုပါလုပ်ရပ်များသည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်များမဟုတ်ဘဲ ဘာသာရေးနှင့်သက်ဆိုင်သည့် အဆောက်အဦ၊ ပညာရေးဆိုင်ရာအဆောက်အဦများနှင့် လူနေရပ်ကွက်အဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို အသက်အန္တရာယ်ဖုန်မှကင်းလွတ်အောင် ထွက်ခွာခွင့်ပြုရမည့်အစား လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် အပြစ်ကြွေးမြှေးဖြင့် ဆပ်လျက်ရှိသော အကျဉ်းသား/သူ ရာဂဏန်းမျှရှိသည့် နယ်ဘက်အကျဉ်းထောင်ကို ရည်ရွယ်ချက်ရှိစွာဖြင့် ဦးတည်တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့်သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

(မြဝတီသတင်းစာ ၁၃-၁-၂၀၂၂)

**ကယားပြည်နယ်၊ လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့် အဆောက်အဦများအား အကာအကွယ်ရယူခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများကျူးလွန်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ**




- လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် လူနေအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ၍လည်းကောင်း၊ ရပ်ကွက်အတွင်းရှိ ဒေသခံများအား အန္တရာယ်အတွင်းမှ ဘေးကင်းရာသို့ သွားလာခွင့်ပြုရမည့်အစား လူသား တံတိုင်းအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုအောက်ရောက်ရှိစေခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း လူသားတံတိုင်းအဖြစ်အသုံးပြုခံရသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရမှုမရှိစေခြင်းငှာ အတတ်နိုင်ဆုံး ရန်သူပစ်မှတ်များကိုသာ အနည်းဆုံးပစ်အားအသုံးပြု၍ ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့။
- အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဘာသာရေးနှင့် သက်ဆိုင်သည့် အဆောက်အဦ၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေရပ်ကွက်အဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း၊ တိုက်ပွဲတွင် ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်း၊ အကျဉ်းသား/သူ ရာဂဏန်းမျှရှိသည့် နယ်ဘက်အကျဉ်းထောင်ကို ရည်ရွယ်ချက်ရှိစွာဖြင့် ဦးတည်တိုက်ခိုက်ခြင်းဖြစ်၍ ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ခဲ့။

# PDF အမည်ခံ အကြမ်းဖက်သမားများက ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း



ဖြူးမြို့နယ်၊ ဒိုင်းတရာကျေးရွာရှိ စာသင်ကျောင်းအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုမှတ်တမ်းဓာတ်ပုံများ

PDF အမည်ခံ အကြမ်းဖက်သမားများက နိုင်ငံအလုံးစုံပျက်သုဉ်းရေးကို ဦးတည်ကာ မြို့နယ်အချို့ရှိ စာသင်ကျောင်းများကို အခိုင်အမာစခန်းအဖြစ် တည်ဆောက်အသုံးပြု၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ခြင်း၊ ပညာရေးအခြေခံအဆောက်အဦများကို မီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ–

- ဇန်နဝါရီလ ၁၁ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ဦးနှောက်)မှ အထက်တန်းပြဆရာတစ်ဦးသည် မြစ်ကြီးနားမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့်သွားရောက်စဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ အင်အား ၃၀ ဦးခန့်က မော်တော်ယာဉ်အား ရပ်တန့်ခိုင်းခဲ့ပြီး ၎င်းအားယာဉ်ပေါ်မှဆွဲချကာ ငဆင်း–တိကျေးရွာသွားတောလမ်းအတိုင်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့။
- ဇန်နဝါရီလ ၁၂ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဒိုင်းတရာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ကျောင်းပိုင်ပစ္စည်းများအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ခြင်းကြောင့် ကျောင်းဝင်းအတွင်းရှိ ကွန်ကရစ်ခင်း၊ အုတ်ကာ၊ သွပ်မိုး(၃) ခန်းတွဲ ကျောင်းဆောင်၏ အစွန်းဆုံးအခန်းအတွင်းရှိ စာသင်ခုံများနှင့် ကျောင်းအသုံးအဆောင်ပစ္စည်းများ မီးလောင်ပျက်စီးကာ မှန်ပြတင်းပေါက် ၃ ချပ် ကွဲအက်ပျက်စီးခဲ့။
- ဇန်နဝါရီလ ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်း အဖျက်အမှောက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများက မရသိမ်ကျေးရွာရှိ စာသင်ကျောင်းအား အခိုင်အမာစခန်းတည်ဆောက်၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ ၁၀၇ မမ ရှော့တိုက်ဒုံးသီးအပါအဝင် လက်နက်ခဲယမ်း၊ ဗုံးသီးများနှင့် အကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။
- ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ရန် မရသိမ်ကျေးရွာပြင်ပသို့ ရောက်ရှိနေစဉ် အကြမ်းဖက်အဖွဲ့များက အခွင့်ကောင်းယူ၍ ကျေးရွာအတွင်း ပြန်လည်ဝင်ရောက်လာပြီး ၎င်းတို့စခန်းချ အခြေပြုနေထိုင်ခဲ့သည့်နေရာတွင် သက်သေအထောက်အထားများ မကျန်စေရန်အတွက် စာသင်ကျောင်းအား ဆင်ခြင်တုံတရားမဲ့စွာ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးခဲ့ရာ နှစ်ထပ်စာသင်ဆောင် ၁ ဆောင်၊ တစ်ထပ်စာသင်ဆောင် ၁ ဆောင်နှင့် တစ်ထပ်ပျဉ်ထောင်စာသင်ဆောင် ၁ ဆောင်တို့ မီးလောင်ပျက်စီးခဲ့ပါသည်။

NUG ၏စေခိုင်းချက်ဖြင့် အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပညာရေးဆိုင်ရာအဆောက်အဦများနှင့် ကျေးရွာများအတွင်း လူနေအိမ်များကို မီးရှို့ဖျက်ဆီးများနှင့် အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများအပြင် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်း၊ ငွေညှစ်ခြင်းနှင့် ဓါးပြတိုက်လုယက်ခြင်းများ ပြုလုပ်လျက်ရှိပါ






**သိမ်းဆည်းရမိ ၁၀၇ မမ ဒုံးသီး၊ လက်လုပ်စိန်ပြောင်းဗုံးသီးများနှင့် အခြားအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများမှတ်တမ်းဓာတ်ပုံ**



**သိမ်းဆည်းရမိ သဲအိတ်ဘန်ကာ မှတ်တမ်းဓာတ်ပုံ**



**အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် စာသင်ဆောင်**

သည်။ ထို့ပြင် အနာဂတ်ကလေးသူငယ်များ၏ ပညာသင်ကြားမှုကို လိုလားမှုမရှိသည့် အကြမ်းဖက်သမားများအနေဖြင့် ကျောင်းသူ/ ကျောင်းသားများ ပညာသင်ကြားရေးအတွက် အသုံးပြုနေသည့် စာသင်ကျောင်းများအား သိမ်းပိုက်၍ ရည်ရွယ်ချက်ရှိစွာဖြင့် စခန်းချအခြေပြု အကာအကွယ်ယူတိုက်ခိုက်ခြင်းများသည် ဂျီနီဗာကွန်ဗန်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းတို့အား နိုင်ငံတကာမှလည်း ဝိုင်းဝန်းဆန့်ကျင်ကြရန် နိုင်ငံတစ်ဝှမ်းရှိပြည်သူများက လိုလားလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၆-၁-၂၀၂၂)**

- **PDF အမည်ခံ အကြမ်းဖက်သမားများက ဇန်နဝါရီလ ၁၁ ရက်တွင် အထက်တန်းပြဆရာတစ်ဦးအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့။**
- **NUG ၏စေခိုင်းချက်ဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဇန်နဝါရီလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖြူးမြို့နယ်၊ ဒိုင်းတရာကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ထီးချိုင့်မြို့နယ်၊ မရသိမ်ကျေးရွာရှိ စာသင်ကျောင်းတို့အား မီးရှို့ဖျက်ဆီးခဲ့။**





**အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် စာသင်ဆောင်များ**

- **NUG ၏စေခိုင်းချက်ဖြင့် အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပညာရေးဆိုင်ရာအဆောက်အဦများနှင့် ကျေးရွာများအတွင်း လူနေအိမ်များကို မီးရှို့ဖျက်ဆီးများနှင့် အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများအပြင် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်း၊ ငွေညှစ်ခြင်းနှင့် ခါးပြတိုက်လုယက်ခြင်းများ ပြုလုပ်လျက်ရှိ။**

## PDF အမည်ခံအကြမ်းဖက်သမားများက ဘာသာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်း

အကြမ်းဖက်အဖွဲ့အစည်းများ ဖြစ်သော CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံအကြမ်းဖက်သမားများဖြစ်သော PDF အမည်ခံ သောင်းကျန်းသူများက နိုင်ငံအလုံးစုံပျက်သုဉ်းရေး ဦးတည်လျက် ဘက်ပေါင်းစုံမှ အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့်အပြင် လုံခြုံရေး တပ်ဖွဲ့ဝင်များမရှိသည့် သာသနာ့ဝန်ထမ်းများနှင့် ဘာသာရေး အဆောက်အဦများအား ပစ်မှတ်ထား၍ တိုက်ခိုက်လျက်ရှိပါ သည်။

- ဇန်နဝါရီလ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး မြို့နယ်၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးသည် မိတ္ထီလာခရိုင်၊ သာသနာရေးမှူးရုံးသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရန်အတွက် ကလေးမြို့မှ မိတ္ထီလာမြို့သို့ ခရီး သည်တင်ယာဉ်ဖြင့်ထွက်ခွာလာစဉ် PDF အမည်ခံ အကြမ်း ဖက်အဖွဲ့က မော်တော်ယာဉ်အား တားဆီးကာ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့။
- ဇန်နဝါရီလ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦး မြို့နယ်အတွင်း အဖျက်အမှောက်လုပ်ငန်းများဆောင်ရွက် ရန်အတွက် ယဉ်ကျင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဝေးနေ ကြောင်း ဆူပူအကြမ်းဖက်မှုကို မလိုလားသည့်ကျေးရွာ သားအချို့က သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာ ထွက်ပြေးသွားခဲ့။
- ၎င်းတို့နေထိုင်ခဲ့သည့် ဘုန်းကြီးကျောင်းအတွင်းမှ လက် လုပ်တစ်ထောင့်ထိုး သေနတ် ၂၀ လက်၊ ခါးချိုး ၁၂ ဗို့ သေနတ် ၁ လက်၊ အီနာဂါ ဗုံးသီး ၁ လုံး၊ ကျည်မျိုးစုံ ၁၂၅ တောင့်၊ လက်လုပ်မိုင်း ၁၀ လုံး၊ လက်ပစ်ဗုံး ၂ လုံး၊ လမ်း လျှောက်စကားပြောစက် ၂ လုံး၊ မော်တော်ဆိုင်ကယ် ၂၀ စီး၊ မော်တော်ယာဉ် ၁ စီး၊ အကြမ်းဖက်မှုလုပ်ငန်းများတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ဒေသခံပြည်သူများ ထံမှ အတင်းအဓမ္မကောက်ခံထားသည့် ဆန်အိတ်များနှင့် ကြက်သွန်နီအိတ်များအား သိမ်းဆည်းရမိခဲ့။

**ရေဦးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် ယဉ်ကျင်းကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသည့် အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးသည့်နေရာပြပုံ**




- ဇန်နဝါရီလ ၁၄ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂,၅၀၀ ဝင်းအတွင်းသို့ ဆိုင်ကယ်စီးနင်းလာသည့် PDF အမည်ခံ အကြမ်းဖက်သမား ၂ ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့ရာ ၎င်းဝင်းအတွင်းရှိ အဆောင်ရှေ့ပန်းစိုက်ခင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ တိရစ္ဆာန်ထိခိုက်မှုမရှိ။

CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ အနေဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန်အတွက် အသုံးပြုမည့်လက်နက်/ခဲယမ်းများကို အများပြည်သူယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုန်းတော်ကြီးကျောင်းအချို့အတွင်းသို့ဝှက်သိမ်းဆည်းခြင်း၊ စခန်းချနေထိုင်ခြင်း၊ ရဟန်း၊ သံဃာတော်များအား ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် သီတင်းသုံးဆောင်ရာ ဘုန်းတော်ကြီးကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည့်အပြင် ယခုကဲ့သို့ ပြည်သူတစ်ရပ်လုံး၏ အထွတ်အမြတ်ထား ပူဇော်လျက်ရှိသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပါမကျန် သာသနာတော်ညှိုးနွမ်းပျက်စီးစေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိပါသည်။

သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်နေမှုများအပေါ် အထောက်အကူရရှိစေရန် အကြမ်းဖက်သမားများ၏သတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်သတင်းပေးပို့ကြပါရန် တိုက်တွန်းသတင်းထုတ်ပြန်ထားပါသည်။

**(မြဝတီသတင်းစာ ၁၇-၁-၂၀၂၂)**

- **ကလေးမြို့နယ်၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးသည် မိတ္ထီလာခရိုင်၊ သာသနာရေးမှူးရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန်အတွက် ကလေးမြို့မှ မိတ္ထီလာမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့်ထွက်ခွာလာစဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မော်တော်ယာဉ်အား တားဆီးကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။**
- **PDF အမည်ခံ အကြမ်းဖက်သမားများသည် အဖျက်အမှောက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေဦးမြို့နယ်အတွင်း ယဉ်ကျင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရောက်ရှိစုဝေးနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့။**

## ရေဦးမြို့နယ်၊ ယဉ်ကျင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသော အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ





အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ





အကြမ်းဖက်သမားများမှ ချက်ပြုတ်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် ရိက္ခာသိုလှောင်ထားသည့် အခန်းမှတ်တမ်းဓာတ်ပုံ





အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆိုင်ကယ်များနှင့် ၎င်းတို့ မီးရှို့ခဲ့သည့် မော်တော်ယာဉ်




မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရဝုဏ်အနီး ပန်းစိုက်ခင်းအတွင်း အကြမ်းဖက်သမားများ လက်လုပ်မိုင်းဖြင့် ပစ်ပေါက်မှုကြောင့် ပေါက်ကွဲမှုမှတ်တမ်းဓာတ်ပုံ

- ချမ်းမြသာစည်မြို့နယ်ရှိ အထွတ်အမြတ်မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အနီး သာသနာ ၂,၅၀၀ ဝင်းအတွင်းသို့ ဆိုင်ကယ်စီးနင်းလာသည့် PDF အမည်ခံ အကြမ်းဖက်သမား ၂ ဦးက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့ရာ ၎င်းဝင်း အတွင်းရှိ အဆောင် ရှေ့ ပန်းစိုက်ခင်းအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်မှုမရှိ။
- CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ အထွတ်အမြတ်ထား ပူဇော် လျက်ရှိသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပါမကျန် သာသနာတော်ညှိုးနွမ်းပျက်စီးစေရန်နှင့် အများပြည်သူ အထိတ် တလန့်ဖြစ်စေရန် လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ရှုံ့ချမုန်းတီးလျက်ရှိ။

## PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ပြခြိမ်းခြောက်၍ငွေနှင့် ရွှေထည်ပစ္စည်းများ လုယက်မှုဖြစ်ပွားခဲ့

ဇန်နဝါရီလ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၌ သေနတ်ပြခြိမ်း ခြောက်၍ငွေနှင့် ရွှေထည်ပစ္စည်းများလုယက်မှုများ ဖြစ်ပွားခဲ့ ရာ-

- ကနီမြို့နယ်၊ ဝယာကျေးရွာနေ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အငယ်တန်းစာရေးနှစ်ဦးတို့သည် လစာငွေ များနှင့် မသန်စွမ်းထောက်ပံ့ငွေများ ထုတ်ယူ၍ ကနီမြို့မှ ပြန်လည်ထွက်ခွာလာစဉ် PDF အမည်ခံအကြမ်းဖက်အဖွဲ့ က လစာငွေ ၁၈၆,၀၀၀ ကျပ်၊ မသန်စွမ်းသူ ၂၉ ဦးအတွက် ထောက်ပံ့ငွေ ၁,၀၅၆,၀၀၀ ကျပ်တို့နှင့်အတူ ဖမ်းဆီးခေါ် ဆောင်သွားခဲ့။
- တန့်ဆည်မြို့နယ်၊ မဟာမြိုင်ရပ်ကွက်နေ ဆရာဝန်အငြိမ်း စားဖြစ်သူ ဦးတင်ရွှေ(၇၇)နှစ်၏ သမီးဖြစ်သူ မစိုးစိုး(၄၇) နှစ်သည် အဆိုပါနေအိမ်အတွင်း ရှိနေစဉ် သေနတ်ကိုယ်စီ ကိုင်ဆောင်ထားသည့် အမျိုးသား ၄ ဦးသည် ဆိုင်ကယ် များဖြင့် ရောက်ရှိလာပြီး I-Phone 6 Plus ၁ လုံး၊ ငွေ ၅၀၀,၀၀၀ ကျပ်၊ နေအိမ်အပေါ်ထပ်ရှိ ငွေ ၄၅၀,၀၀၀ ကျပ်၊ ပလက်တီနမ်လက်စွပ် ၄ ကွင်း၊ စိန်လက်စွပ် ၁ ကွင်း၊ ပလက်တီနမ်ဆွဲကြိုး ၁ ကုံး၊ ၃ ရောင်ခြယ် ဆွဲကြိုး ၁ ကုံး၊ သုံးရောင်ခြယ်လက်စွပ် ၁ ကွင်း(စုစုပေါင်းတန်ဖိုး ၆,၃၀၀,၀၀၀ ကျပ်ခန့်)၊ ဘဏ်စာအုပ် ၃ အုပ်၊ သေနတ်ပြခြိမ်းခြောက်၍ လုယက်ယူဆောင်ကာ ထွက်ပြေးသွားခဲ့။
- ရွာငံမြို့နယ်၊ နွားဘန်းကြီးကျေးရွာနေ မအိအိမွန်(၃၂)နှစ် ၏နေအိမ်တွင် အသေးစားချေးငွေလုပ်ငန်း(PACT MYA-NMAR)မှ ကွင်းဆင်းတာဝန်ခံဖြစ်သည့် ရွာမရပ်ကွက်နေ ထက်အောင်(၃၂)နှစ်နှင့် တစ်ရပ်ကွက်တည်းနေ မတင် မျိုးဦး(၃၉)နှစ်တို့သည် ချေးငွေကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် တူမီးသေနတ်များ ကိုယ်စီကိုင်ဆောင်

ထားသော အမျိုးသား ၆ ဦးက ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး ချေးငွေကျပ်သိန်း ၄၀ နှင့် မတင်မျိုးဦး ကိုင်ဆောင်သည့် ဖုန်း ၂ လုံး၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား ၁ ခု၊ ယာဉ်မောင်း လိုင်စင် ၁ ခု၊ ကျောပိုးအိတ် ၂ လုံးတို့အား သေနတ်ပြခြိမ်းခြောက်၍ လုယက်ယူဆောင်ကာ ထွက်ပြေးသွားခဲ့။

NUG လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားက အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် NUG အဖွဲ့၏ငွေကြေးထောက်ပံ့မှုမရှိခြင်း၊ ပြည်သူလူထုထံမှ လှူဒါန်းငွေများ မရရှိခြင်းတို့ကြောင့် ၎င်းတို့၏ရပ်တည်လှုပ်ရှားနိုင်ရေးအတွက် လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ဆက်ကြေးအဖြစ် လစဉ်ကြေး အတင်းဓမ္မကောက်ခံခြင်းများ ပြုလုပ်လာသည့်အပြင် ရက်စက်ဆိုးဝါးသည့် ဓါးပြတိုက်လုယက်မှုများပြုလုပ်လာကြောင်း တွေ့ရှိရပါသည်။

ထိုကဲ့သို့ သေနတ်ပြခြိမ်းခြောက်၍ ငွေများအား လုယက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်ပိတ်ဆို့ရှာဖွေမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၁-၂၀၂၂)**

- **ကနီမြို့နယ်၊ ဝယာကျေးရွာနေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေးနှစ်ဦးတို့သည် လစာငွေများနှင့် မသန်စွမ်းထောက်ပံ့ငွေများထုတ်ယူ၍ ကနီမြို့မှ ပြန်လည်ထွက်ခွာလာစဉ် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လစာငွေ ၁၈၆,၀၀၀ ကျပ်၊ မသန်စွမ်းသူ ၂၉ ဦးအတွက် ထောက်ပံ့ငွေ ၁,၀၅၆,၀၀၀ ကျပ်တို့နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။**
- **စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၌ အမျိုးသား ၄ ဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေနှင့် ရွှေထည်များအား လုယက်မှုကျူးလွန်ခဲ့။**
- **ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့နယ်၌ အသေးစားချေးငွေလုပ်ငန်း (PACT MYANMAR)မှ ချေးငွေကောက်ယူမှုလုပ်ငန်းများဆောင်ရွက်နေစဉ် အမျိုးသား ၆ ဦးက သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၄၀ ကျော်အား လုယက်ယူဆောင်သွားခဲ့။**

## အကြမ်းဖက်အဖွဲ့အစည်းများအား ဆက်သွယ်ထောက်ပံ့နေသူများ၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား စစ်ခုံရုံးက ပြစ်ဒဏ်အသီးသီးချမှတ်

အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နေသူများအား ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့ပါသည်။

- ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၂/၆)ရပ်ကွက်နေ ဝေယံထွန်း(ခ)ဝင်ရိုး အပါအဝင်(၃)ဦး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဗိုလ်ဗိုလ်မင်း(ခ)ခေတ်ဆောင်မှူးနှင့် စိုးသူထွန်းတို့သည် အကြမ်းဖက်အုပ်စုများနှင့် ဆက်သွယ်ခြင်း၊ ပြည်သူတစ်ဦး၏နေအိမ်အတွင်းသို့ လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခြင်း၊ လှိုင်သာယာမြို့နယ် ရာအိမ်မှူးတစ်ဦးအား လုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ခြင်းနှင့် ဘုရားလမ်းမီးပွိုင့်အနီးရှိ ယာဉ်ထိန်းရုံးတွင် လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအားသေနတ်ဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ရာတွင် ပူးပေါင်းပါဝင်ခဲ့ခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကြောင့် ၎င်းတို့ ၅ ဦးအား ဇန်နဝါရီလ ၁၂ ရက်တွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (က) နှင့် ၅၀(ဈ) အရ “ထောင်ဒဏ် တစ်သက်” ပြစ်ဒဏ်ချမှတ်ခဲ့။
- နိုဝင်ဘာလ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၁) ရပ်ကွက်နေ ရာအိမ်မှူးတစ်ဦးကို သေနတ်ဖြင့် ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် သူရလင်း



**ဝေယံထွန်း(ထောင်ဒဏ်တစ်သက်)**



**စိုးသူထွန်း(ထောင်ဒဏ်တစ်သက်)**



**သူရလင်း(သေဒဏ်)**

(ခ)သူရ၊ ဇော်သူရခွန်း(ခ)မိုးဇော်သန်း(ပြေး)တို့ ၂ ဦးအား ဇန်နဝါရီလ ၁၂ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)/၅၄ အရ ၎င်းတို့ကို "သေဒဏ်" ချမှတ်ခဲ့။

စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁-၂၀၂၂)**

- **အကြမ်းဖက်အဖွဲ့အစည်းများထောက်ပံ့နေသူများ၊ စစ်သင်တန်းတက်ရောက်ခဲ့သူများနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူ ၅ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က)နှင့် ၅၀(ဈ)အရ "ထောင်ဒဏ် တစ်သက်" ပြစ်ဒဏ်ချမှတ်ခဲ့။**
- **ရာအိမ်မှူးတစ်ဦးကို သေနတ်ဖြင့်ဝိုင်းဝန်းလုပ်ကြံသတ်ဖြတ်ခဲ့ခြင်းကြောင့် တရားခံ ၂ ဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (က)/၅၄ အရ "သေဒဏ်" ချမှတ်ခဲ့။**